MOTIVATED BY LOVE

ကိုယ်ကျိုးစွန့်ခြင်း ၂၀၂၆ **2026**

ချစ်ခြင်းမေတ္တာ၏ လှုံ့ဆော်မှု

နှုတ်ကပတ်တော် ဆင်ခြင်သုံးသပ်ခြင်း (Devotional)

The Salvation Army

စင်ကာပူ၊ မလေးရှား၊ မြန်မာနှင့် ထိုင်းတယ်ရီတိုရီ

သြစတြေးလျနိုင်ငံ ကယ်တင်ခြင်းတပ်အသင်းတော်၏ ဝိညာဉ်ရေးရာ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ အတွင်းရေးမှူး ဖြစ်သူ Auxiliary-Lieut.Rosy Keane မှရေးသားပါသည်။

ဆရာမ Rosy သည် နယူးဇီလန်နိုင်ငံတွင် မွေးဖွားခဲ့သော ကယ်တင်ခြင်းတပ်အသင်းသူတစ်ဦးဖြစ်ပြီး၊ ယခုအခါ သြစတြေးလျနိုင်ငံတွင် အမှုတော်ဆောင်လျက်ရှိသည်။ ဆရာမ၏ အထူးစိတ်အားထက်သန်မှုမှာ လူများအား ဘုရားသခင်၏ အသံတော်ကို ကိုယ်တိုင်ကြားနိုင်ရန် အားပေးခြင်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏ ဖွင့်ပြလှုံ့ဆော် မှုအတိုင်း နာခံလိုက်လျှောက်ရန် လမ်းညွှန်ပေးခြင်းနှင့် ယေရှုခရစ်တော်ဘုရားနှင့် ဝန်းကျင်အား နည်းလမ်းများစွာ ဖြင့် ချစ်မြတ်နိုးကြောင်း ပြသနိုင်ရန် ကူညီပေးပါသည်။

ဆရာမ Rosy တွင် Junia ဟု အမည်ရသော ချစ်စရာခွေးလေးတစ်ကောင်ရှိပြီး၊ ထိုအမည်ကို ရောမ သြဝါဒစာ၌ ဖော်ပြထားသော ထင်ရှားသည့် အမျိုးသမီးတမန်တော် Junia ၏ အမည်ကို အစွဲပြု၍ ပေးထားခြင်း ဖြစ်သည်။ ထို့အပြင် Scott ဟု အမည်ရသော ချစ်ခင်ရသည့် ခင်ပွန်းသည်တစ်ဦးရှိပြီး၊ စကားပြောနေသော စကားလုံး ကဗျာ များအား နှစ်သက်သူတစ်ဦးလည်းဖြစ်သည်။

ဆရာမသည် ကော်ဖီနှင့် ဆန်းသစ်သော အတွေးအခေါ်များအား နှစ်သက်သူဖြစ်ပြီး၊ ကယ်တင်ခြင်းတပ်၏ အကောင်းဆုံးနေ့ရက်များသည် အနာဂတ်တွင် ရှိနေသေးသည်ဟု ခိုင်မာစွာယုံကြည် ထားသူဖြစ်ပါသည်။

အလွန်ကောင်းမွန်သော အရင်းအမြစ်စာများအတွက် သြစတြေးလျတယ်ရီတို့ရီထံ အထူးကျေးဇူးတင်ရှိပါသည်။

မူပိုင်ခွင့်။ သြစတြေးလျ တယ်ရီတို့ရီ နှင့် စင်္ကာပူ၊ မလေးရှား၊ မြန်မာနှင့် ထိုင်း တယ်ရီတို့ရီ

ကျွန်ုပ်တို့၏ Territory Commanders မှ စာတစ်စောင်

မေတ္တာရှေ့ထားပြီး ကိုယ်ကျိုးစွန့်အလှူငွေ လှုပ်ရှားမှု ၂၀၂၆
ခရစ်တော်၌ ချစ်စွာသော ရဲဘော်အပေါင်းတို့၊
ခရစ်ယာန်အသက်တာ၏ ဗဟိုချက်မှာ ငါတို့၏သခင် ခရစ်တော်အားဖြင့် ဖော်ပြထားသော ဘုရားသခင်၏ မေတ္တာတော်ဖြစ်ပါသည်။ သီချင်းရေးဆရာ Reg Presley က "မေတ္တာသည် အနီးအနား ပတ်ဝန်းကျင် ၌ရှိ၏" ဟု ကြွေးကြော်ခဲ့ဖူးသကဲ့သို့ ထိုမေတ္တာကို ကျွန်ုပ်တို့ နားလည်ရန် ကြိုးစားကြပါသည်။ သို့သော် သူပြောခဲ့သည်မှာ နှလုံးသား၏ ခံစားချက်ကို အဓိကထားခြင်းဖြစ်၏။ ကျွန်ုပ်တို့ကြွေးကြော်သော မေတ္တာသည်မူကား ကျွန်ုပ်တို့ကို လက်တွေ့လုပ်ဆောင်မှုဆီသို့ ဦးတည်စေသည့် ရဲရင့်သော ကတိကဝတ်ဖြစ်ပါသည်။ ၁ကောရိန္သု ၁၆း၁၃-၁၄ တွင် ပေါလုက "သင်တို့သည် သတိနှင့်စောင့်နေကြလော့။ ယုံကြည်ခြင်း၌ တည်ကြလော့။ ယောကျ်ား အစွမ်းသတ္တိနှင့်တကွ ခွန်အားစုံလင်လျက်နေကြလော့။ သင်တို့သည် ခပ်သိမ်းသော အမှုတို့ကို ချစ်ခြင်းမေတ္တာစိတ်နှင့် ဆောင်ရွက်ကြလော့" ဟု တိုက်တွန်းထားပါသည်။
ယခုနှစ် ကိုယ်ကျိုးစွန့်အလှူငွေ နှိုးဆော်ချက် (Self-Denial Appeal) သည် ထိုသို့သော မေတ္တာမျိုးနှင့် အသက်ရှင်နေထိုင်ရန် ခေါ်ဖိတ်ခြင်းဖြစ်ပါသည်။ ခိုင်ခံ့စွာ ရပ်တည်သော၊ ရဲရင့်စွာ လှမ်းချီသော၊ ရက်ရောစွာ စွန့်ကြဲသော မေတ္တာဖြစ်ပါသည်။ ခရစ်တော်၏ မေတ္တာတော်က တွန်းအားပေးသည့်အတွက် အခြားသူများကို အမှုတော်ထမ်းရန်၊ စွန့်လွှတ်အနစ်နာခံရန်နှင့် ဘုရားသခင်သည် ကျွန်ုပ်တို့မှတစ်ဆင့် အလုပ်လုပ်မည်ကို ယုံကြည်ကိုးစားရန် ဖိတ်ခေါ်ခြင်း ခံရပါသည်။ မေတ္တာပါသော နှလုံးသားဖြင့် ပေးလှူသောအခါ ကမ္ဘာလောက၌ ဘုရားသခင်၏ ရွေးနုတ်ခြင်းအမှုတော်တွင် ပါဝင်ကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ပေးလှူမှုမှတစ်ဆင့် တစ်ဦးချင်းစီ၊ မိသားစုများနှင့် လူ့အသိုင်းအဝိုင်းများထံ မျှော်လင့်ချက်၊ ပြန်လည်ကောင်းမွန်လာမှုနှင့် ဂုဏ်သိက္ခာများကို ဆောင်ကြဉ်းပေးနိုင်ပါသည်။
လူအများအပြားအတွက် အချိန်အခါများ ခက်ခဲနေဆဲဖြစ်ကြောင်း ကျွန်ုပ်သိပါသည်။ သို့သော် ကျွန်ုပ်တို့၏ နှစ်စဉ် ကိုယ်ကျိုးစွန့်အလှူငွေ နှိုးဆော်ချက်သည် မေတ္တာနှင့် ယုံကြည်ခြင်း လှုပ်ရှားမှုတွင် ပါဝင်ရန် အမြဲတမ်း ဖိတ်ခေါ်ချက်တစ်ခုအဖြစ် တည်ရှိနေပါသည်။ ဤဖိတ်ခေါ်ချက်မှာ ဘုရားသခင်ကို ပိုမိုနက်ရှိုင်းစွာ ကိုးစားရန်နှင့် ပွင့်လင်းသောလက်၊ ပွင့်လင်းသောနှလုံးသားဖြင့် ကိုယ်တော်၏ ခေါ်ဖိတ်မှုကို တုံ့ပြန်ရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့အား
ထောက်ပံ့ပေးသောသူသည် မည်သူဖြစ်သည်ကို သတိရရန်နှင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏ နှလုံးသား၌ နှိုးဆော်သည့်အတိုင်း ဆုတောင်းလျက်၊ ကိုယ်ကျိုးစွန့်၍ ပေးလှူကြရန် ဖိတ်ခေါ်ထားခြင်း ဖြစ်ပါသည်။

ယခုနှစ်တွင် မာလာဝီ (Malawi)၊ သီရိလင်္ကာ (Sri Lanka)၊ ဘန်တင်း (Banting) နှင့် ဖီဂျီ (Fiji) တို့မှ အားရှိဖွယ် ဇာတ်လမ်းများကို သင်တို့တွေ့မြင်ရမည် ဖြစ်ပါသည်။ ထိုနေရာများသည် ကယ်တင်ခြင်းတပ်အသင်းတော် (The Salvation Army) က လူငယ်များနှင့်အတူ

MOTIVATED BY LOVE

SELF DENIAL 2026

လျှောက်လှမ်းပေးခြင်း၊ မိသားစုများကို ထောက်ပံ့ပေးခြင်းနှင့် လူ့အသိုင်းအဝိုင်းများ ယုံကြည်ခြင်း၌ တိုးတက်ကြီးထွားလာစေရန် ကူညီပေးနေသည့် နေရာများဖြစ်ပါသည်။ ဤအမှုတော်များသည် သင်နှင့် သင့်အသင်းတော်ရှိ သူများကဲ့သို့သော လူများကြောင့်သာ အထမြောက်နိုင်ခြင်း ဖြစ်ပါသည်။

ထိုအရာသည် မေတ္တာတော်က တွန်းအားပေးသော ယုံကြည်ခြင်း၏ တန်ခိုးဖြစ်ပါသည်။ ၂၀၂၆ ကိုယ်ကျိုးစွန့်အလှူငွေ နှိုးဆော်ချက်တွင် ပါဝင်ဆောင်ရွက်စဉ် အောက်ပါနည်းလမ်း (၄) မျိုးဖြင့် ကျွန်ုပ်နှင့်အတူ ပါဝင်ရန် ဖိတ်ခေါ်အပ်ပါသည်။

- စွန့်လွှတ်အနစ်နာခံ ပေးလှူသော၊ နှိမ့်ချစွာ အမှုတော်ထမ်းသော၊ အသက်တာများကို ပြောင်းလဲစေသော၊ အသက်တာများကို ပြောင်းလဲစေသော မေတ္တာတော် သတင်းစကားကို ကြေညာပါ။
- ဧဝံဂေလိ သာသနာပြု ထောက်ပံ့ရေး ရန်ပုံငွေ (Evangelical Mission Support Funds) များကို ကူညီပေးပါ။ ဤရန်ပုံငွေများသည် အစိုးရ၏ ထောက်ပံ့မှုဖြင့် ဆက်လက်မရပ်တည်နိုင်သော ဧဝံဂေလိလုပ်ငန်းများအတွက် အလွန်အရေးပါပါသည်။ ဤအမှုတော်များသည် လက်တွေ့လှုပ်ရှားနေသော ခရစ်တော်၏ မေတ္တာတော် အသက်သွေးကြောများ ဖြစ်ပါသည်။
- သင့်ကိုယ်ပိုင် တုံ့ပြန်မှုကို ဆုတောင်းလျက် စဉ်းစားပါ။ ဘုရားသခင်၏ ပြင်ဆင်ပေးမှုကို ယုံကြည်ကိုးစားရင်း၊ ယုံကြည်ခြင်းနှင့် မေတ္တာဖြင့် သီတင်းပတ်တစ်ပတ်စာ လုပ်ခလစာကို လှူဒါန်းမည်လား။
- သင့်အသင်းတော်အား ၎င်းတို့၏ တုံ့ပြန်မှုနှင့် ကိုယ်ကျိုးစွန့်ပေးလှူခြင်းဆိုင်ရာ အဓိပ္ပာယ်ကို ဆုတောင်းလျက် စဉ်းစားကြရန် အားပေးပါ။ ၎င်းတို့သည် သီတင်းပတ်တစ်ပတ်စာ လုပ်ခလစာကို လှူဒါန်းနိုင်စွမ်း ရှိကြပါသလား၊ သို့မဟုတ် ၎င်းတို့၏ ရက်ရောမှုကို ပိုမိုတိုးမြှင့်နိုင်ကြပါသလား။

သင်၏ မေတ္တာသည် ရေရှည်တည်တံ့သောပြောင်းလဲမှုကို ဖြစ်ပေါ်စေပါသည်။ သင်၏ ရက်ရောမှုသည် ကယ်တင်ခြင်းတပ်အသင်းတော်အား အလိုအပ်ဆုံးနေရာများတွင် ဆက်လက်အမှုတော်ထမ်းနိုင်ရန် ခွန်အားပေးပါသည်။ အတူတကွ မေတ္တာဖြင့် တွန်းအားယူကာ ခရစ်တော်၏ အလင်းနှင့် မျှော်လင့်ချက်ကို လောကသို့ ရောင်ပြန်ဟပ်စေနိုင်ပါသည်။

ငါတို့နှင့်အတူ ဤယုံကြည်ခြင်း ခရီးစဉ်ကို လျှောက်လှမ်းရန် သင်၏ လိုလိုလားလား ရှိမှုအတွက် ကျွန်ုပ်ကိုယ်တိုင်ကိုယ်ကျ ကျေးဇူးတင်ရှိပါသည်။ သင်၏ ဆုတောင်းချက်များနှင့် ရက်ရောမှုများသည် ကျွန်ုပ်တို့အမှုတော်ထမ်းနေသော သူများအတွက်သာမက ကိုယ်တော်၏ နိုင်ငံတော်အတွက် အတူတကွ အမှုတော်ထမ်းစဉ် ကျွန်ုပ်အတွက်ပါ ကောင်းကြီးမင်္ဂလာ ဖြစ်ပါသည်။

ဤသာသနာပြု လုပ်ငန်း၌ ပါဝင်ပေးသည့်အတွက် ကျေးဇူးတင်ပါသည်။

ဘုရားသခင် ကောင်းချီးပေးပါစေ။

Colonels Richard & Ann Borrett

SMMT Territorial Leaders

THE SALVATION ARMY

BELIEVE IN GOOD

MOTIVATED BY LOVE
SELF DENIAL 2026

ပထမပတ်:
အဓိကအကြောင်းအရာ
မိတ်ဆက်

ကျမ်းချက်:

သင်တို့သည် သတိနှင့်စောင့်နေကြလော့။ ယုံကြည်ခြင်း၌ တည်ကြလော့။ ယောကျာ်း အစွမ်းသတ္တိနှင့်တကွ ခွန်အားစုံလင်လျက် နေကြလော့။ သင်တို့သည် ခပ်သိမ်းသောအမှုတို့ကို ချစ်ခြင်းမေတ္တာစိတ်နှင့် ဆောင်ရွက် ကြလော့။ (၁ကော ၁၆း ၁၃-၁၄)

နှုတ်ကပတ်တော်ကိုဆင်ခြင်သုံးသပ်ခြင်း

ဤအတွေ့အကြုံသည် ကျွန်ုပ်တို့အား ဘုရားသခင်နှင့် ထိတွေ့စေရုံသာမက နိုင်ငံတော်အတွက် တက်ကြွသော ရင်းနှီး မြှုပ်နှံမှုတစ်ခုလည်း ဖြစ်ပါသည်။ မိမိမျက်စိဖြင့် ထိုအပင်ကြီးများကို မမြင်နိုင်သော်လည်း၊ ယုံကြည်ခြင်း ဖြင့် မျိုးစေ့များစိုက်ပျိုးခြင်းကဲ့သို့ ရဲရင့်သော လုပ်ရပ်တစ်ခုဖြစ်သည်။
ကိုယ်ကျိုးစွန့်ခြင်း၏ အကောင်းဆုံး အစိပ္ပါယ်မှာ ဤသို့ဖြစ်ပါသည်-
ကျွန်ုပ်တို့၌ရှိသော အရင်းအမြစ်များကို အနစ်နာခံ၍ အသုံးပြုကာ နိုင်ငံတကာ ကယ်တင်ခြင်းတပ်အသင်းတော် ၏ အမှုတော်လုပ်ငန်းကို အားပေးခြင်း၊ တိုးတက်စေခြင်းဖြစ်စေသည်သာမက မိမိတို့၏ယုံကြည့်ခြင်း အသက် တာကိုပါ ကြီးထွားစေခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဘ၀တစ်လျှောက်လုံး မိမိ၏ အကောင်းဆုံးပုံစံ ဖြစ်လာရန် သို့မဟုတ် မိမိကိုယ်ကို တိုးတက်အောင် လုပ်ရန် ကြိုးစားလေ့ရှိကြသော်လည်း၊ မဿဲ ၁၆း၂၄ တွင် ယေရှုက

သင်တို့သည် သတိနှင့်စောင့်နေကြလော့။ ယုံကြည်ခြင်း၌ တည်ကြလော့။ ယောကျာ်း အစွမ်းသတ္တိနှင့်တကွ ခွန်အားစုံလင်လျက် နေကြလော့။ သင်တို့သည် ခပ်သိမ်းသောအမှုတို့ကို ချစ်ခြင်းမေတ္တာစိတ်နှင့် ဆောင်ရွက် ကြလော့။ (၁ကော ၁၆း ၁၃-၁၄)

THE SALVATION ARMY
BELIEVE IN GOOD

တပည့်တော်ဖြစ်ခြင်း၏ လမ်းစဉ်သည် အနှစ်နာခံသော ချစ်ခြင်းမေတ္တာနှင့် ရဲရင့်သော ယုံကြည့်ခြင်း ပေါ်တွင် အခြေခံထားပြီး၊ ထိုလမ်းစဉ်က ဘုရားသခင်၏ နိုင်ငံတော်ကို ပုံဖော်ပေးသည်ဟု သွန်သင်ထားပါသည်။

ထိုလမ်းစဉ်သည် ယေရှုကိုယ်တိုင် မိမိ၏ အသက်တာ၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် နမူနာပြခဲ့ သော လမ်းပင်ဖြစ်သည်။

ယနေ့ခေတ်ယဉ်ကျေးမှုတွင် မိမိကိုယ်ကို ငြင်းပယ်ခြင်း ဟူသော စကားလုံးကို အများအားဖြင့် မကြားရတော့ပါ။ စာအုပ်ဆိုင်များတွင် မိမိကိုယ်ကို ကူညီတိုးတက်စေခြင်း ဟူသော ခေါင်းစဉ်များက ပိုမိုရင်းနှီးလာရပါသည်။ သို့သော်လည်း ယေရှုက-“ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားဖြစ်၏။ အသက်လည်းဖြစ်၏။ (ယောဟန် ၁၄း၆)” ဟု မိန့်တော်မူခဲ့ပါသည်။

အမှန်စင်စစ် လူတို့သည် လမ်းမှန်၊ သမ္မာတရားနှင့် ဘဝ၏ အဓိပ္ပါယ်ကို ရှာဖွေနေကြပြီး၊ ထိုရှာဖွေမှုသည် ဆိုင်များ တွင်ဖြစ်စေ၊ အောင်မြင်မှုများထဲတွင် ဖြစ်စေ၊ လူမှုကွန်ရက်များပေါ်တွင်ဖြစ်စေ ရှိနေနိုင်ပါသည်။

မာကု ၉း၃၆-၃၇ တွင် “သူငယ်တယောက်ကိုလည်းယူ၍ သူတို့ အလယ်၌ထားပြီးမှ လက်တော်နှင့်ချီပိုက်လျက်၊ အကြင်သူသည် ငါ့မျက်နှာကိုထောက်၍ ဤကဲ့သို့သော သူငယ်တစုံတယောက်ကိုလက်ခံ၏။ ထိုသူသည် ငါ့ကိုပင်လက်ခံ ၏။ ငါ့ကိုလက်ခံသောသူသည်လည်း ငါကိုသာလက်ခံသည်မဟုတ်။ ငါ့ကိုစေလွှတ်တော်မူသော သူကိုပင် လက်ခံသည်ဟု မိန့်တော်မူ၏။”

ဘုရားသခင်၏ နိုင်ငံတော်တွင် လုပ်ဆောင်နေမှုများသည် ဤလောက၏ အမြင်နှင့် ပြောင်းပြန်ဆန်နေပါသည်။ လော က၏ မျက်စိတွင် အရေးမကြီးဟု မြင်ရသည့် သူငယ်များနှင့် အားနည်းသူများကို ကူညီခြင်းအားဖြင့် ကျွန်ုပ်တို့သည် အခြားသူများကို ဘုရားသခင်၏ မျက်လုံးဖြင့် မြင့်တတ်လာပြီး၊ မိမိတို့၏ မျက်စိဖြင့်လည်း ဘုရားသခင်ကို ပိုမိုရှင်း လင်းစွာ မြင်နိုင်လာပါသည်။

မိမိကိုယ်ကို ငြင်းပယ်ခြင်းသည် ကျွန်ုပ်တို့အား လမ်းမှန်၊ သမ္မာတရားနှင့် အသက်ရှင်ခြင်း၏ အဓိပ္ပါယ်ကို တွေ့ရှိစေပြီး၊ ဘုရားသခင်၏ ရည်ရွယ်တော်မူသည့်အတိုင်း ချစ်ခြင်းမေတ္တာဖြင့် လှုံ့ဆော်ထားသော အသက်တာ ကို အသက်ရှင်စေရန် ကူညီပေးပါသည်။

MOTIVATED BY LOVE

SELF DENIAL 2026

မေးခွန်းများ

၁။ သင့်အတွက် ကိုယ်ကျိုးစွန့်အလှူငွေတောင်းခံခြင်းသည် မျိုးစေ့ကြဲခြင်းနှင့် မည်ကဲ့သို့ စပ်ဆက်နေသနည်း။

၂။ သင့်ပတ်ဝန်းကျင်ရှိ သေးငယ်သောအရာများထဲတွင် ဘုရားသခင်ကို မည်သို့ မြင်တွေ့ရသနည်း။

၃။ ဤစွန့်လွှတ်အနစ်နာခံခြင်းကာလအတွင်း ဘုရားသခင်က မည်သည့်အရာကို အာရုံစိုက်ရန် ဖိတ်ခေါ်နေ သနည်း။

၄။ ချစ်ခြင်းမေတ္တာ၏ လှုံ့ဆော်မှုခံရခြင်းဖြင့် သင့်အား ဘုရားသခင်က မည်သို့တုံ့ပြန်စေလိုသနည်း။

ဆုတောင်းချက်:

အိုအဖဘုရားသခင်၊ ကျွန်ုပ်တို့အား လမ်းလွဲစေနိုင်သော တကိုယ်ကောင်းဆန်သည့် စိတ်ဆန္ဒများမှ ကယ်နှုတ် တော်မူပါ။ ယေရှုခရစ်တော်၏ ခြေတော်ရာအတိုင်း လိုက်လျှောက်အသက်ရှင်နိုင်ရန် ကိုယ်တော်ရဲ့ အထံတော် ထဲသို့ ကျွန်ုပ်အား ဆွဲခေါ်တော်မူပါ။ ကိုယ်တော်ထံမှလာသော အသက်တာပြည့်ဝစုံလင်ခြင်းသို့ ရောက်စေပါ။ ကယ်တင်ခြင်းတပ် အသင်းတော်၏ အမှုတော်မြတ်လုပ်ငန်းများအား ကောင်းကြီးပေးသနား တော်မူပါ။ ကျွန်ုပ်တို့ အားလုံးသည် ချစ်ခြင်း မေတ္တာဖြင့် လှုံ့ဆော်ခြင်းခံရသူများ ဖြစ်စေတော်မူပါ။ အာမင်။

BELIEVE IN GOOD

ဒုတိယရက်သတ္တပတ်: မာလာဝီ

သတိနှင့်စောင့်နေကြလော့။

နိဒါန်း

ဒုတိယရက်သတ္တပတ်တွင် ယခုနှစ် ကိုယ်ကျိုးစွန့်ခြင်းနှင့် သက်ဆိုင်သည့် ကျမ်းပိုဒ်ထဲမှ ပထမစကားစုဖြစ်သည့် သတိနှင့်စောင့်နေကြလော့ ဟူသည့် စကားစု၏ အနက်အဓိပ္ပါယ်အား လေးလေးနက်နက် ပိုမိုလေ့လာသွားကြ မည်ဖြစ်သည်။ ကင်းခွေးများနှင့် လုံခြုံရေးတန်းများအား ခဏဘေးဖယ်ထားပါက သတိနှင့် စောင့်နေခြင်းအား မည်ကဲ့သို့ အဓိပ္ပါယ်ဖော်မည်နည်း။ ထို့ပြင် ယခု မိမိကိုယ်ကိုငြင်းပယ်ခြင်းကာလအတွင်း ကျွန်ုပ်တို့၏ အနစ်နာခံ လှူဒါန်းမှုနှင့် မည်သို့ သက်ဆိုင်နေသနည်း။

ကျမ်းချက်:

“ကောင်းသောအကျင့်ကို ကျင့်အံ့သောငှါ သင်ကြလော့။ တရားသဖြင့် ပြုခြင်းငှါ ကြံကြလော့။ ကောင်းသော အရာကို ဖြောင့်စေကြလော့။ မိဘမရှိသော သူတို့အဘို့ တရားသဖြင့် စီရင်ကြလော့။ မုဆိုးမတို့၏အမှုကို စောင့် ကြလော့။ (ဟေရှာယ ၁း ၁၇)”

နှုတ်ကပတ်တော်ကိုဆင်ခြင်သုံးသပ်ခြင်း

အင်္ဂလန်နိုင်ငံရှိ ဘက်ကင်ဟမ်နန်းတော်ရှေ့တွင် တာဝန်ထမ်းဆောင်နေကြသော နန်းတော်စောင့်များကို သင်မြင် ဖူးပါသလား။ ဗီဒီယိုများနှင့် ဓာတ်ပုံများတွင် ၄င်းတို့၏ အနီရောင်ဝတ်စုံများ၊ အနက်ရောင်ဝတ်စုံများ၊ ရိုးရာ ဦးထုပ်များဖြင့် ထင်ရှား နေကြသည်။ သို့သော် လူအများ မသိကြသည်မှာ သူတို့တစ်ဦးချင်းစီသည် ကျွမ်းကျင် သော စစ်သားများ ဖြစ်ကြပြီး၊ ကမ္ဘာပေါ်ရှိ အကောင်းဆုံး စစ်သားများထဲတွင် ပါဝင်ကြခြင်းဖြစ်သည်။ သူတို့၏

MOTIVATED BY LOVE

SELF DENIAL 2026

သင်တို့သည် သတိနှင့်စောင့်နေကြလော့။ ယုံကြည်ခြင်း၌ တည်ကြလော့။ ယောက်ျား အစွမ်းသတ္တိနှင့်တကွ ခွန်အားစုံလင်လျက် နေကြလော့။ သင်တို့သည် ခပ်သိမ်းသောအမှုတို့ကို ချစ်ခြင်းမေတ္တာစိတ်နှင့် ဆောင်ရွက် ကြလော့။ (၁ကော ၁၆း ၁၃-၁၄)

THE SALVATION ARMY

BELIEVE IN GOOD

ဝတ်စုံများကြောင့် အလုပြရုံ သက်သက်ဟု ထင်ရနိုင်သော်လည်း အမှန်တကယ်တွင် ကာကွယ်ရန် သူတို့အား တာဝန်ပေးအပ်ခြင်း ခံရသောအရာများကို ထိရောက်စွာ ကာကွယ်နိုင်ကြသည်။

ကယ်တင်ခြင်းတပ်အသင်းတော်သည် ထူးခြားသော လှုပ်ရှားမှုတစ်ခုဖြစ်သည်။ ၁၉ ရာစုအင်္ဂလန်နိုင်ငံတွင် အသင်းတော်အား စစ်တပ်ပုံစံ ဖွဲ့စည်းခဲ့ပြီး တပ်သူတပ်သားများကို စည်းလုံးညီညွတ်မှုရှိစေရန် ယူနီဖောင်းကို အသုံးပြုခဲ့သည်။ ၎င်း၏ တပ်သူတပ်သားများ၊ တပ်မိတ်ဆွေများ၊ လူမှုရေးလုပ်ငန်းများသည် ယေရှုခရစ်တော် အား ချစ်ခြင်းနှင့် လူ့မှုတရားမျှတမှုဖော်ဆောင်ရသော ရာစုနှစ်များစွာ သမိုင်းတွင်စေသည့်အရာများဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် အလုပြရုံသက်သက် မဟုတ်ပေ။ ကျွန်ုပ်တို့ အသုံးပြုသော လက်နက်များသည် ဤ လောက၏ လက်နက်များမဟုတ်ဘဲ အသက်ရှင်ကြသည်၊ ချစ်ခင်ကြသည်၊ တိုက်ပွဲဝင်ကြသည် ဟူ၍ ဖြစ်သည်။

မိမိကိုယ်ကို မကာကွယ်နိုင်သူများကို ကာကွယ်စောင့်ရှောက်ရန် ကျွန်ုပ်တို့ ခေါ်တော်မူခြင်းခံရသည်။ ဤသည်မှာ ယေရှုခရစ်တော်ပြသခဲ့သည့် မေတ္တာပင်ဖြစ်သည်။ ထို့ပြင် ယေရှုခရစ်တော်၏ နောက်လိုက်ဖြစ်သော ကျွန်ုပ်တို့ သည် ပညာရှိစွာ အသက်ရှင်ခြင်းအားဖြင့် မိမိတို့၏ ယုံကြည်ခြင်းနှင့် တပည့်တော်ဖြစ်ခြင်း အသက်တာအား သတ္တိရှိရှိဖြင့် စောင့်ရှောက်ရန် ခေါ်တော်မူခြင်းခံရသည်။

“အထက်မှ သက်ရောက်သောပညာမူကား၊ ရှေ့ဦးစွာစင်ကြယ်၏။ ထိုမှတစ်ပါး၊ အသင့်အတင့်နေ တတ်ကြ၏။ ဖြည်းညှင်း သောသဘောရှိ၏။ သွေးဆောင်လွယ်၏။ ကရုဏာနှင့်၎င်း၊ ကောင်းကျိုးနှင့်၎င်း ပြည့်စုံ၏။ လျစ်လျူသောစိတ်ရှိ၏။ လျှို့ဝှက်ခြင်းနှင့်ကင်းစင်၏။ ယာကုပ် ၃း ၁၇ “ တွင် ဟု ဆိုထားသည်။

ဤကိုယ်ကျိုးစွန့်ကာလအတွင်း ကျွန်ုပ်တို့၏ ဉာဏ်ပညာနှင့် အမှုဆောင်ခြင်း၏ အသီးအပွင့်များကို ကျွန်ုပ်တို့၏ ကိုယ်ကျိုးစွန့်ရန်ပုံငွေများ ထောက်ပံ့နေသော အမှုတော်လုပ်ငန်းများမှ တစ်ဆင့် မြင်တွေ့နိုင်ပါသည်။ ဥပမာအားဖြင့် မာလာဝီနိုင်ငံတွင် ကယ်တင်ခြင်းတပ်အသင်းတော်သည် အသက်ငယ်သော မိန်းကလေးများကို အိမ်ထောင်ပြုခိုင်းသည့် ဆိုးရွားသော အလေ့အထကို ပညာရေး၊ ပြုပြင်ပြောင်းလဲရေးနှင့် ကာကွယ်စောင့်ရှောက် ရေး လုပ်ငန်းများမှတစ်ဆင့် တားဆီးနေပါသည်။

ဤလုပ်ငန်းသည် နူးညံ့သိမ်မွေ့သကဲ့သို့ ခိုင်မာအားကောင်းသော လုပ်ငန်းလည်း ဖြစ်သည်။ စီးပွားရေးအတွက် လိုအပ်သည်ဟု ယုံကြည်သော ယဉ်ကျေးမှုများအတွင်း အားနည်းခက်ခဲသော မိန်းကလေးများနှင့် ၎င်းတို့၏ မိသားစုများအတွက် ရပ်တည်ပေးရင်း၊ တစ်ဖက်တွင်လည်း မိမိအကျိုးအတွက် ထိုအလေ့အထကို ဆက်လက် ထိန်းသိမ်းလိုသူ အာဏာရှိသူများကို ပြောင်းလဲလာစေရန် စိန်ခေါ်ရပါသည်။

ကျွန်ုပ်တို့သည် အခြားသူများနှင့်အတူ ပူးပေါင်းကာ ကလေးများ၏ အနာဂတ်ကို ယနေ့ပင် ပြောင်းလဲပေးနိုင် ပါသည်။ ကျွန်ုပ်တို့၏ အနစ်နာခံလှူဒါန်းခြင်းသည် "လုပ်သင့်လို့" သို့မဟုတ် “လူမြင်ကောင်းလို့" ပြုလုပ်သော အခမ်းအနားဆန်သော အပြုအမူတစ်ခု မဟုတ်ပါ။
ထိုသို့သော ပေးကမ်းခြင်းသည် ဘုရားသခင်၏ နိုင်ငံတော်တွင် ထိရောက်သော စစ်သားများ ဖြစ်စေပြီး၊ အကူ အညီ အလိုအပ်ဆုံးသူများကို ကာကွယ်စောင့်ရှောက်နိုင်စေပါသည်။

မေးခွန်းများ

၁။ သင်၏ အနစ်နာခံလှူဒါန်းခြင်းက သင့်အား “ပညာရှိစွာ" အသက်ရှင်ရန် မည်သို့ကူညီသည်ဟု ထင်မြင်ပါ သနည်း။
၂။ သင့်ယုံကြည်ခြင်းအသက်တာတွင် “သတိရှိရန်” ဘုရားသခင်က အခြား မည်သည့်နည်းလမ်းများဖြင့် ခေါ်တော် မူနေသည်ဟု သင်ယုံကြည်သနည်း။
၃။ သင်၏ ယုံကြည်ခြင်းခရီးတွင် သင့်ကို ကာကွယ်စောင့်ရှောက်ပေးခဲ့သူ မည်သူများ ရှိသနည်း။
၄။ ချစ်ခြင်းမေတ္တာဖြင့် လှုံ့ဆော်ထားသော သင့်လှူဒါန်းမှုက အခြားသူများအား ဘုရားသခင်ကို မြင်စေရာတွင် မည်သို့ အထောက်အကူပြုနိုင်မည်နည်း။

ဆုတောင်းချက်:

အို ခမည်းတော်ဘုရားသခင်၊ ကျွန်ုပ်တို့အတွက် ကိုယ်တော်၏ သားတော်ယေရှုကို အသက်ပေးရန် စေလွှတ် တော်မူသော ရက်ရောသော မေတ္တာအတွက် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်တို့အား တည်ကြည်ခိုင်မာစွာ ရပ်တည် နိုင်စေရန်နှင့် ပညာရှိစွာ အသက်ရှင်နိုင်စေရန် သန့်ရှင်းသော ဝိညာဉ်တော်ကို ပေးတော်မူသည့် အတွက်လည်း ကျေးဇူးတင်ပါသည်။ ချစ်ခြင်းမေတ္တာဖြင့် လှုံ့ဆော်ကာ အသက်ကို ယူဆောင်လာသော တပ်မတော်တစ်ရပ်၏ သက်သေကို ဖော်ပြနိုင်ရန် ကျွန်ုပ်တို့အား ရက်ရောစွာ ပေးကမ်းသူများ ဖြစ်စေ၍၊ ကျွန်ုပ်တို့၏ ပူဇော်သက္ကာများ အားဖြင့် ငြိမ်သက်ခြင်း၏ မျိုးစေ့များကို ကြဲနိုင်စေတော်မူပါ။အာမင်။

တတိယရက်သတ္တပတ်: သီရိလင်္ကာ

ခိုင်မြဲစွာ ရပ်တည်ကြလော့

နိဒါန်း

လှေငယ် (Kayak)တစ်စင်းထဲတွင် မတ်တပ်ရပ်ဖို့ ကြိုးစားသူတစ်ယောက်ကို သင် မြင်ဖူးပါသလား။ အများအား ဖြင့် ရလဒ်မှာ ရေထဲသို့ ပြုတ်ကျသွားခြင်းပင် ဖြစ်သည်။ အကြောင်းမှာ သမုဒ္ဒရာသည် အမြဲတမ်း လှုပ်ရှားနေပြီး ကျွန်ုပ်တို့ အားထားသော ရေမျောကိရိယာများသည်လည်း အမြဲတမ်း ယုံကြည်စိတ်ချရသည် မဟုတ်သော ကြောင့်ဖြစ်သည်။ ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်သောကြောင့် ရေပေါ်တွင် လမ်းလျှောက်နိုင်ခဲ့သည်။ ကိုယ်တော်သည် အထောက်အကူပစ္စည်း တစ်စုံတစ်ရာ မလိုအပ်ခဲ့ပါ။ကျွန်ုပ်တို့၏ အခြေခံအုတ်မြစ်၊ ပြောင်းလဲ နေသော အချိန်ကာလများ အတွင်း အားကိုးရမည့် ယုံကြည်ကိုးစားမှုသည် ယေရှုခရစ်တော်ပေါ်၌သာ တည်ရှိရ မည် ဖြစ်သည်။

ကျမ်းချက်:

မဿဲ ၇:၂၄-၂၅ တွင် - “အကြင်သူသည် ငါဟောပြောသော ဤစကားကို ကြား၍နားထောင်၏။ ထိုသူသည် ကျောက်ပေါ်မှာ အိမ်ဆောက်သော ပညာရှိနှင့်တူကြောင်းကိုငါပုံပြမည်။ မိုဃ်းရွာ၍ ရေစီးသည်နှင့် လေလာ၍ ထိုအိမ်ကိုတိုက်သည်ရှိသော်၊ ကျောက်ပေါ်မှာ တည်သောကြောင့် မပြိုမလဲနေ၏။” ဟု ဖတ်ရပါသည်။

သင်တို့သည် သတိနှင့်စောင့်နေကြလော့။ ယုံကြည်ခြင်း၌ တည်ကြလော့။ ယောက်ျား အစွမ်းသတ္တိနှင့်တကွ ခွန်အားစုံလင်လျက် နေကြလော့။ သင်တို့သည် ခပ်သိမ်းသောအမှုတို့ကို ချစ်ခြင်းမေတ္တာစိတ်နှင့် ဆောင်ရွက် ကြလော့။ (၁ကော ၁၆း ၁၃-၁၄)

MOTIVATED BY LOVE
SELF DENIAL 2026

BELIEVE IN GOOD

MOTIVATED BY LOVE
SELF DENIAL 2026

နှုတ်ကပတ်တော်ကိုဆင်ခြင်သုံးသပ်ခြင်း

မသေချာမရေရာသော အချိန်များတွင် ကျွန်ုပ်တို့ကို ကူညီပေးမည်ဟု ထင်ရသော "ရေမျောကိုရိယာများ ပေါ်တွင် ယုံကြည်ခြင်းတင်မိရန် အလွန်လွယ်ကူပါသည်။ ထိုအရာများသည် ငွေကြေး၊ မိတ်ဆွေများ သို့မဟုတ် မိမိ၏ အရည်အချင်းများပင် ဖြစ်နိုင်ပါသည်။ ကိုယ်ကျိုးစွန့်ခြင်းသည် ကျွန်ုပ်တို့ကို

"ရေပေါ်မျောနေစေသည်" ဟု ထင်ရ သော အရာများထဲမှ အရေးပါသော အစိတ်အပိုင်းတစ်ခုကို ဘုရားသခင်ထံ ဆက်ကပ်ပေးသော အချိန်ကာလ ဖြစ် သည်။

ဤသည်မှာ - "အရှင်၊ ကျွန်ုပ်ကို ရေပေါ်တွင် လမ်းလျှောက်စေတော်မူပါ" ဟု ဆိုသော ယုံကြည်ခြင်းအနစ်နာခံမှု ဖြစ်သည်။သီရိလင်္ကာနိုင်ငံတွင် ရေနှင့် ရေတွင်းစီမံကိန်းများသည် ဒေသခံအသိုင်းအဝိုင်းများအား သန့်ရှင်းလုံခြုံသော သောက်သုံး ရေရရှိနိုင်ရန် ကူညီလျက်ရှိသည်။ ဤအရာသည် ကျွန်ုပ်တို့ အများစုအတွက် သာမန်အရာတစ်ခုလို ထင်ရသော်လည်း အထူးအခွင့်အရေးတစ်ခု ဖြစ်သည်။ ကျွန်ုပ်တို့သည် ရေပိုက်ခေါင်းကို ဖွင့်ပြီး ထွက်လာမည့်ရေ အတွက် စိုးရိမ်လေ့မရှိပါ။ သို့သော် သီရိလင်္ကာရှိ လူအများအတွက် ထိုနေ့စဉ် အံ့ဖွယ်ကောင်းကျိုးကို မခံစား နိုင်ကြသေးပါ။

တမန်တော် ပေါလုက - "ယခုအခါ အရာရာ၌ငါရတတ်၏။ ဥစ္စာကြွယ်ဝ၏။ မွှေးကြိုင်သောအနံ့နှင့် ပြည့်စုံ၍၊ ဘုရားသခင် နှစ်သက် အားရတော်မူသော ယဇ်တည်းဟူသော သင်တို့ ပေးလိုက်သောအရာတို့ကို ဧပဖြောဒိတ်လက်မှ ငါခံရသည်ဖြစ်၍ ကြွယ်ဝလျက်ရှိ၏။ ငါ၏ဘုရားသခင်သည် ဘုန်းအာနုဘော်၌ စံပယ်တော်မူသော စည်းစိမ်ရှိသည်အတိုင်း၊ သင်တို့အလို ရှိသမျှတို့ကို ယေရှုခရစ်အားဖြင့် ပြည့်စုံစေတော်မူလိမ့် မည်။" (ဖိလိပ္ပိ ၄:၁၈–၁၉)

ဤသည်မှာ အနစ်နာခံပေးကမ်းခြင်း၏ ပုံရိပ် ဖြစ်သည်။ လူတို့သည် မိမိတို့ တတ်နိုင်သမျှ ပေးကမ်းခဲ့ပြီး၊ ထို အနစ်နာခံမှုကြောင့် ဖြစ်လာသော လိုအပ်ချက်များကို ဘုရားသခင်က ဖြည့်ဆည်းပေးမည်ဟု ယုံကြည်ခဲ့ ကြသည်။ ယေရှုခရစ်တော်သည် အံ့ဖွယ်အမှုများကို ပြုတော်မူသော အရှင်ဖြစ်သည်။ ကိုယ်တော်သည် ပေတရုအား ယုံကြည်ခြင်းဖြင့် ရှေ့သို့ လှမ်းထွက်ရန် ခေါ်တော်မူခဲ့သကဲ့သို့ ယနေ့လည်း ကျွန်ုပ်တို့အား ရဲရင့်စွာ ယုံကြည်ရန် ခေါ်တော်မူနေဆဲ ဖြစ်သည်။ အရာရာ မတည်မငြိမ် ဖြစ်နေသည့်အချိန်၌ပင် ကျွန်ုပ်တို့သည် ခိုင်မြဲစွာ ရပ်တည်နိုင်ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ အသက်တာကို တည်ဆောက်ထားသော အခြေခံ အုတ်မြစ် ဖြစ်ပြီး၊ ကိုယ်တော်၌ မပြိုလဲနိုင်သော အိမ်ကို တွေ့ရှိရပါသည်။ ယေရှုသည် ကြမ်းတမ်းသော ရေလှိုင်းများကို ကိုယ်တော်ထံ ပြန်လည် ပို့ဆောင်ပေးသော လမ်းကြောင်းအဖြစ် ပြောင်းလဲပေးတော်မူသည်။

THE SALVATION ARMY
BELIEVE IN GOOD

MOTIVATED BY LOVE
SELF DENIAL 2026

မေးခွန်းများ

၁။ အနစ်နာခံ၍ ပေးကမ်းရန် အခက်အခဲဖြစ်စေသော အရာများမှာ မည်သည့်အရာများ ဖြစ်သနည်း။
၂။ ယနေ့၏ သတင်းစကားအပေါ် အခြေခံ၍ ချစ်ခြင်းမေတ္တာဖြင့် လှုံ့ဆော်ကာ ဘုရားသခင်က သင့်အား မည်သို့ တုံ့ပြန်စေလိုသနည်း။
၃။ သင်၏ အခြေခံအုတ်မြစ်သည် ယေရှုဖြစ်ကြောင်းမည်သို့သိနိုင်သနည်း။
၄။ သင် မသေချာသေးသော အရာများမှာ မည်သည့်အရာများ ဖြစ်သနည်း။

ဆုတောင်းချက်:

အို သခင်ယေရှု၊ ကိုယ်တော်၏ ခေါ်သံကို ရှင်းလင်းစွာ ကြားနိုင်စေရန်၊ လွတ်မြောက်ခြင်းနှင့် ကောင်းချီးမင်္ဂလာ များသို့ ရဲရင့်စွာ လှမ်းထွက်နိုင်စေရန် ကျွန်ုပ်တို့အား ကူညီတော်မူပါ။ အရာရာ ကြမ်းတမ်းလှုပ်ရှားနေသည့် အချိန်၌ပင် ကိုယ်တော်သည် လှိုင်းတံပိုးများကို ငြိမ်သက်စေတော်မူသောကြောင့် ကျွန်ုပ်တို့အား ခိုင်မြဲစွာ ရပ်တည်နိုင်စေတော်မူပါ။ ချစ်ခြင်းမေတ္တာဖြင့် လှုံ့ဆော်ထားသော ကိုယ်ကျိုးစွန့်ခြင်း ကာလထဲသို့ ဝင်ရောက် နေစဉ် ကိုယ်တော်၏ အလိုတော်ကို သေချာစွာ နားလည်၍ နာခံနိုင်စေတော်မူပါ။အာမင်။

THE SALVATION ARMY
BELIEVE IN GOOD

MOTIVATED BY LOVE
SELF DENIAL 2026

သင်တို့သည် သတိနှင့်စောင့်နေကြလော့။ ယုံကြည်ခြင်း၌ တည်ကြလော့။ ယောကျာ်း အစွမ်းသတ္တိနှင့်တကွ ခွန်အားစုံလင်လျက် နေကြလော့။ သင်တို့သည် ခပ်သိမ်းသောအမှုတို့ကို ချစ်ခြင်းမေတ္တာစိတ်နှင့် ဆောင်ရွက် ကြလော့။ (၁ကော ၁၆း ၁၃-၁၄)

စတုတ္ထရက်သတ္တပတ်း ဘာန်တင်း
သတ္တိရှိကြလော့

နိဒါန်း

"သတ္တိ" (Courage) ဆိုသော စကားလုံးသည် မူလအားဖြင့် "နှလုံးသား" (Heart) ဟူသော စကားလုံးမှ ဆင်းသက်လာကြောင်း သင် သိပါသလား။ ကျွန်ုပ်တို့ အားလုံးသည် မိမိကိုယ်ကို သတ္တိရှိသူဟု မခံစားရနိုင်ပေမယ့် ကျွန်ုပ်တို့ အားလုံးတွင် နှလုံးသားတစ်စုံစီ ရှိကြပါသည်။

ယေရှုသည် ကျွန်ုပ်တို့၏ နှလုံးသားကို ခွန်အားပေးတော်မူသောအခါ၊ ထိုနှလုံးသားသည် ကိုယ်ခန္ဓာ၏အင်္ဂါ အစိတ်အပိုင်း တစ်ခုထက်ပိုသော အရာတစ်ခု ဖြစ်လာသည်။ ဘုရားသခင်ကို ချီးမွမ်းသော ဂီတသံစုံတီးဝိုင်း တစ်ခုကဲ့သို့ ဖြစ်လာသည်။ ကျွန်ုပ်တို့၏ ပူဇော်သက္ကာသည် သတ္တိ၏ လုပ်ရပ်တစ်ခု၊ ချစ်ခြင်းမေတ္တာ၏ လုပ်ရပ်တစ်ခုဖြစ်ပြီး၊ ယနေ့ကမ္ဘာက မြင်တွေ့ရန် အလွန်လိုအပ်နေသော နှလုံးသား၏ သက်သေခံချက်တစ်ခု လည်း ဖြစ်သည်။

ကျမ်းချက်:

"သင်တို့သည် ငါ့ကိုအမှီပြု၍ ငြိမ်သက်ခြင်းရှိစေခြင်းငှါ ဤစကားကိုငါဟောပြောပြီ။ သင်တို့သည် လောက၌ ဆင်းရဲဒုက္ခကိုခံကြရလိမ့်မည်။ သို့သော်လည်းမစိုးရိမ်ကြနှင့်။ ငါသည်လောကကိုအောင်ပြီဟု မိန့် တော်မူ၏။" (ယောဟန် ၁၆:၃၃)
"သင်တို့သည် သတိနှင့်စောင့်နေကြလော့။ ယုံကြည်ခြင်း၌ တည်ကြလော့။ ယောကျာ်းအစွမ်းသတ္တိ နှင့်တကွ ခွန်အားစုံလင်လျက်နေကြလော့။ သင်တို့သည် ခပ်သိမ်းသောအမှုတို့ကို ချစ်ခြင်းမေတ္တာစိတ်နှင့် ဆောင်ရွက်ကြ လော့။"
(၁ ကောရိန္သု၊ ၁၆း ၁၃-၁၄)

နှုတ်ကပတ်တော်ကိုဆင်ခြင်သုံးသပ်ခြင်း

ကိုယ်ကျိုးစွန့်ခြင်းသည် စိတ်အားတက်ကြွစွာ ရပ်တည်ရန်နှင့် သတ္တိရှိရန် ခေါ်ဆိုခြင်း ဖြစ်သည်။ ၁ ကောရိန္သု ၁၆:၁၃–၁၄ တွင် ယေရှုသည် ဘဝ၌ စိန်ခေါ်မှုများစွာ ရှိမည်ကို သိတော်မူကြောင်း

THE SALVATION ARMY
BELIEVE IN GOOD

သတိပေးထားပါသည်။ ကိုယ်တော်သည် တပည့်တော်များကိုလည်းကောင်း၊ ယနေ့ ကျွန်ုပ်တို့ကိုလည်းကောင်း ဒုက္ခ၊ စမ်းသပ်ခြင်းနှင့် ဆန့်ကျင်မှုများနှင့် တွေ့ကြုံရမည်ဟု မိန့်တော်မူပါသည်။
သို့သော် စိန်ခေါ်မှုများ ရောက်လာသောအခါ ကျွန်ုပ်တို့သည် ဘုရားသခင်အပေါ် ခိုင်မြဲစွာ ရပ်တည်ရမည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ကျောက်ဆောင် ဖြစ်တော်မူ၏။ ကောင်းကင်ကို (မျှော်၊ မော့ ကြည့်၍) ကမ္ဘာပေါ်ရှိ လူသားများအတွက် ဘုရားသခင် ရှိတော်မူသော နှလုံးသားကို ကျွန်ုပ်တို့၌ ပေးတော်မူရန် ခွင့်ပြုရမည် ဖြစ်သည်။ လူသားမျိုးနွယ် ရင်ဆိုင်နေရသော ပြဿနာများကြောင့် စိတ်ပျက်အားလျော့သွားရန် အလွန်လွယ်ကူပါသည်။ သို့သော် -

"အဆိုးအာဖြင့် အရှုံးမခံနှင့် အကောင်းအားဖြင့် အဆိုးကို နိုင်လော့။" (ရောမ ၁၂:၂၁)ဟု ကျွန်ုပ်တို့အား ပြောထား ပါသည်။ Banting Learning Centre မှ ပံ့ပိုးကူညီပေးနေသော လူငယ်များနှင့် ကလေးများကို စဉ်းစားသောအခါ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းနှင့် ငွေကြေးလှူဒါန်းခြင်းများသည် ၎င်းတို့၏ နှလုံးသား၊ စိတ်ဝိညာဉ်နှင့် အနာဂတ်ကို ပုံဖော်ရန် လိုအပ်သော အထောက်အပံ့များ ပေးနိုင်သည်ကို သိရှိရပါသည်။ ကုလသမဂ္ဂသည် ကလေးများကိုပညာသင်ကြား ပေးခြင်းသည် နိုင်ငံတစ်နိုင်ငံကို ပြောင်းလဲနိုင်သည့် အကောင်းဆုံး နည်းလမ်းများထဲမှ တစ်ခုဖြစ်ကြောင်း အကြိမ် ကြိမ် ဖော်ပြထားပါသည်။ အရွယ်ကြီးသူမှ အရွယ်ငယ်သူအထိ မိသားစုများသည် မိမိတို့၏ ကလေးများ ပညာ သင်ယူပြီး အသစ်သော အရာများကို သင်ယူရန် သတ္တိရှိလာသောအခါ လွတ်လပ်မှုနှင့် အခွင့်အလမ်းများကို ရရှိကြသည်။ "ဒါပေမဲ့ ကျွန်တော်/ကျွန်မက ဘာထူးခြားမှု လုပ်နိုင်မှာလဲ" ဟု သင် မေးကောင်းမေးနိုင်သည်။

သင့်ကိုယ်ပိုင် မိသားစု၊ ငွေကြေး သို့မဟုတ် အသက်တာဆိုင်ရာ စိုးရိမ်ပူပန်မှုများ အများကြီး ရှိနိုင်သည်။ သို့သော် ဘုရားသခင်က ကျွန်ုပ်တို့သည် တစ်ယောက်တည်း မဟုတ်ကြောင်း သတိပေးတော်မူသည်။ ကျွန်ုပ်တို့သည် ခိုင်မြဲစွာ ရပ်တည်ရမည်၊ သတ္တိရှိရမည်။ ယုံကြည်ခြင်းကို လက်တွေ့အသက်တာထဲတွင် အသုံးချခြင်းဆိုသည်မှာ မဖြစ်နိုင်ဟု ထင်ရသော အရာများကို မြင်တွေ့ကာ၊ မိမိ၏ နှလုံးသားနှင့် လက်များကို ဘုရားသခင်ထံ ဖွင့်ပေးပြီး -"ကျွန်ုပ်၏ အရာအားလုံးသည် ကိုယ်တော်၏ အရာဖြစ်ပါသည်" ဟု ဆိုခြင်း ဖြစ်သည်။

MOTIVATED BY LOVE

SELF DENIAL 2026

ကျွန်ုပ်တို့သည် သတ္တိရှိသူများ ဖြစ်နိုင်ပါသည်။ အကြောင်းမှာ ဤအရာကို ကျွန်ုပ်တို့ တစ်ယောက်တည်း မလုပ် ဆောင်ရ သောကြောင့် ဖြစ်သည်။ ကမ္ဘာတစ်ဝှမ်းရှိ ကယ်တင်ခြင်းတပ်အသင်းတော်နှင့် မိမိတို့ နိုင်ငံများအတွင်းရှိ ယုံကြည်သူများသည် ချစ်ခြင်းမေတ္တာ၏ လှုံ့ဆော်မှုဖြင့် ကောင်းမြတ်သော အမှုများအတွက် အတူတကွ လုပ်ဆောင်ကြပါသည်။ ကျွန်ုပ်တို့ စိတ်ဆန္ဒရှိသောအခါ၊ သတ္တိယူသောအခါ၊ ဘုရားသခင်ကို ယုံကြည်သောအခါ၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာဖြင့် ကမ္ဘာကြီးကို ပြောင်းလဲနိုင်ပါသည်။

မေးခွန်းများ

၁။ ဖြေရှင်းရန် မဖြစ်နိုင်သလောက် ထင်ရသော ကမ္ဘာ့ပြဿနာများကို စဉ်းစားသောအခါ သင်၏ ဆုတောင်းချက် သည် အဘယ်နည်း။

၂။ ဤကြောက်ရွံ့မှုများအပေါ်သင် ယခု ကြေညာနေသော ယုံကြည်ခြင်းစကားများမှာ အဘယ်နည်း။

၃။ ယခုအချိန်၌ ဘုရားသခင်က သင့်ထံမှ မည်သည့်အရာကို တောင်းဆိုနေသနည်း။

၄။ ဤအစီအစဉ်များမှတစ်ဆင့် အသက်တာပြောင်းလဲစေသော ကယ်တင်ခြင်းကို ရရှိသူတစ်ဦး၏ အမြင်ဖြင့် ကျမ်းစာကို သင် မည်သို့ ဖတ်ရှုနိုင်မည်နည်း။

ဆုတောင်းချက်:

အို ခမည်းတော် ဘုရားသခင်၊ လူသားများကို ကိုယ်တော် မြင်သည့်အတိုင်း ချစ်ခြင်း၊ ကရုဏာကြီးမားခြင်းနှင့် အနာဂတ်အတွက် မျှော်လင့်ခြင်းတို့ဖြင့် မြင်နိုင်သော မျက်စိများကို ကျွန်ုပ်တို့အား ပေးတော်မူပါ။ ကျွန်ုပ်တို့၏ ငွေကြေး၊ မိသားစုနှင့် ယုံကြည်ခြင်းတို့ကို ပေါင်းစပ်ထားသော အားထုတ်မှုတစ်ခုအဖြစ် မြင်နိုင်စေ၍၊ ကိုယ်တော်၏ နာမတော် တန်ခိုးအားဖြင့် ဘုရားသခင်၏ နိုင်ငံတော်ကို ကမ္ဘာပေါ်သို့ ယူဆောင်လာနိုင်စေတော် မူပါ။ အာမင်။

THE SALVATION ARMY

BELIEVE IN GOOD

သင်တို့သည် သတိနှင့်စောင့်နေကြလော့။ ယုံကြည်ခြင်း၌ တည်ကြလော့။ ယောကျ်ား အစွမ်းသတ္တိနှင့်တကွ ခွန်အားစုံလင်လျက် နေကြလော့။ သင်တို့သည် ခပ်သိမ်းသောအမှုတို့ကို ချစ်ခြင်းမေတ္တာစိတ်နှင့် ဆောင်ရွက် ကြလော့။ (၁ကော ၁၆း ၁၃-၁၄)

ပဥ္စမရက်သတ္တပတ်း ဖီဂျီ

အားကြိုးကြလော့

နိဒါန်း

“အားကြိုးခြင်း" ဟူသော စကားကို ကြားသောအခါ သင် ဘာကို စဉ်းစားမိပါသနည်း။ ကြွက်သားများနှင့် ခွေးများကိုလား။ သို့မဟုတ် မိမိ၏ ကလေးကို ကယ်တင်ရန် ကားတစ်စီးကို မသော မိခင်တစ်ဦးကိုလား။ လူတိုင်းသည် အလေးမ အားကစားသမား မဖြစ်နိုင်သော်လည်း၊ လူတိုင်းသည် သခင်ဘုရား၌ အားကြီးသူများ ဖြစ်ရန် ခေါ်တော်မူခြင်း ခံရပါသည်။ ဤနှစ်၏ ကိုယ်ကျိုးစွန့်ခြင်းအတွက် သင်၏ လှူဒါန်းမှုသည် ကျွန်ုပ်တို့ အမှုဆောင်နေသော ကမ္ဘာကြီးကို မည်သို့ ခိုင်မာစေမည်နည်း။

ကျမ်းချက်:

“သခင်ဘုရား၌ အစဉ်မပြတ် ဝမ်းမြောက်ခြင်း ရှိကြလော့။ တဖန် ငါဆိုသည်ကား ဝမ်းမြောက်ကြလော့။ လူအပေါင်းတို့ရှေ့ ၌ သင်တို့၏ ဖြည့်ညှင်းခြင်း သဘောကို ထင်ရှားစေကြလော့။ သခင်ဘုရားသည် အနီးအပါး၌ ရှိတော်မူ၏။ အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်း ပဌနာပြုသောအားဖြင့်၊ သင်တို့တောင်း ပန်လိုသောအရာများတို့ကို ဘုရားသခင်အား ကြားလျှောက်ကြလော့။ ထိုသို့ပြုလျှင် အဘယ်သူမျှကြံ၍ မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏ စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်။” (ဖိလိပ္ပိ ၄:၄-၇)

MOTIVATED BY LOVE

SELF DENIAL 2026

နှုတ်ကပတ်တော်ကိုဆင်ခြင်သုံးသပ်ခြင်း

ကျောင်းများနှင့် ပြိုင်ပွဲများတွင် အားကြီးခြင်းကို အခြားသူတစ်ဦးအပေါ် အနိုင်ရခြင်းဖြင့် တိုင်းတာလေ့ရှိသည်။ သို့သော် ယနေ့၏ ရှုပ်ထွေးပြီး ဆူညံနေသော ကမ္ဘာတွင် ယေရှု၏ နောက်လိုက်တစ်ဦးအနေဖြင့် "အားကြီးခြင်း" ၏ အမှန်တကယ် အဓိပ္ပာယ်ကို နားလည်ရန် ကျွန်ုပ်တို့၏ စိတ်နှင့် မျက်စိတို့ကို လေ့ကျင့်ရမည် ဖြစ်သည်။ ယေရှုသည် အားကြီးသူ မည်သို့ ဖြစ်ခဲ့သနည်း။

ကိုယ်တော်သည် စကြဝဠာတစ်ခုလုံးကို ပိုင်ဆိုင်သော်လည်း နှိမ့်ချသော ကျွန်တစ်ဦး ဖြစ်ခဲ့သည်။ အမှုဆောင်ရန် ကြွလာခဲ့သည်။ တန်ခိုးကြီးသော်လည်း အတင်းအကျပ် မပြုခဲ့ဘဲ ဖိတ်ခေါ်ခဲ့သည်။ တံခါးများကို မပိတ်ဘဲ ခမည်းတော်၏ အိမ်ကို လူအပေါင်းတို့အတွက် ဖွင့်ပေးခဲ့သည်။ ထို့ကြောင့် ယေရှု၏ စံနမူနာအားဖြင့် အားကြီးခြင်းကို ကွဲပြားစွာ မြင်နိုင်ပါသည်။ အနိုင်ကျင့်ခံရပြီးနောက် ဆက်လက် ရှင်သန်နေသူ၏ ခွန်အား၊ နာတာရှည် ရောဂါရှိသော်လည်း နေ့စဉ် ဘဝကို ရင်ဆိုင်နေသူ၏ ခွန်အား၊ စိတ်ဒေါသကို မပေါက်ကွဲဘဲ ကုသခြင်းနှင့် အကြံပေးခြင်း ကို ရွေးချယ်သူ၏ ခွန်အားတို့ ဖြစ်နိုင်ပါသည်။ သို့မဟုတ် စုဆောင်းသိမ်းဆည်းထားလိုသော စိတ်ကို အနိုင်ယူ၍ ပေးကမ်းခြင်းနှင့် ယုံကြည်ခြင်း၏ ခွန်အား ဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့သည် အားကြီးရန် ဖိတ်ခေါ်ခံရပါသည်။ "ကြွင်းသေးသော စကားဟူမူကား၊ ညီအစ်ကိုတို့၊ သခင်ဘုရားအားဖြင့်၎င်း၊ တန်ခိုးတော် အရှိန်အားဖြင့် ၎င်း၊ ခိုင်ခံ့ခြင်းရှိကြလော့။ မာရ်နတ်၏ ပရိယာယ်တို့ကို တားဆီးနိုင်မည်အကြောင်း၊ ဘုရားသခင် သည် ပြင်ဆင်တော်မူသော လက်နက်စုံကို ဝတ်ဆောင်ကြလော့။" (ဧဖက် ၆:၁၀-၁၁)

မေးခွန်းများ

၁။ သင်၏ အနစ်နာခံမှုသည် အခြားသူများအတွက် ထိရောက်ပြီး ချစ်ခြင်းမေတ္တာဖြင့် လှုံ့ဆော်ထားကြောင်း ခံစား ရရှိရန်ဘာလိုအပ်မည်နည်း။

၂။ ဤအစီအစဉ်များအတွက် လာမည့် ရက်သတ္တပတ်များတွင် မည်သို့ ဆက်လက် ဆုတောင်းပေးနိုင်မည်နည်း။

၃။ သင့်အသက်တာတွင် ဘုရားသခင်၏ ခွန်အားကို မည်သို့ တွေ့မြင်ခဲ့ရသနည်း။

ဆုတောင်းချက်:

အို ယေရှုရှင်၊ ကျွန်ုပ်တို့ကို အားကြီးစေသော သန့်ရှင်းသော ဝိညာဉ်တော်၏ အသက်ရှူသံအတွက် ကျေးဇူးတင်ပါ သည်။ ကျွန်ုပ်တို့အား အသက်ပေးပြီး အသက်ကို ယူဆောင်လာသော တပ်သားဖြစ်ရန် ခေါ်တော်မူသည့်အတွက် ကျေးဇူး တင်ပါသည်။ ကျွန်ုပ်တို့ကို နှိုးဆော်တော်မူပါ။ကိုယ်တော်ထက် ပိုမို ပေးကမ်းနိုင်ခြင်း မရှိကြောင်း သိလျက် ရက်ရောစွာ ပေးကမ်းနိုင်သော နှလုံးသားများကို လှုံ့ဆော်တော်မူပါ။ အာမင်။

THE SALVATION ARMY

BELIEVE IN GOOD

ဆဌမရက်သတ္တပတ် ALTAR CALL ချစ်ခြင်းမေတ္တာဖြင့် အရာရာကို ပြုကြလော့

နိဒါန်း

ကျွန်ုပ်တို့အများစုသည် ခရစ်ယာန်ယုံကြည်ခြင်းကို ရှင်းပြရာတွင် ကမ္ဘာဦးကျမ်း ၃ တွင်ဖော်ပြထားသော အပြစ်နှင့် လူသား၏ ကျဆုံးခြင်းမှ စတင်လေ့ရှိကြသည်။ သို့သော် ဖန်ဆင်းခြင်းနှင့် ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ အကြံအစည်သည် ကမ္ဘာဦးကျမ်း ၁ မှ စတင်သည်။ အရာရာကို ကောင်းမြတ်စွာ ဖန်ဆင်းခဲ့ပြီး၊ ကျွန်ုပ်တို့ကိုလည်း "အလွန်ကောင်းသည်" ဟု မြင်တော်မူခဲ့သည်။ ထိုအရာအားလုံးသည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာမှ စတင်ခဲ့ခြင်း ဖြစ်သည်။ ယေရှု၏ နောက်လိုက်များအနေဖြင့် အပြစ်ကြောင့် ဆုံးရှုံးသွားသော အရာများကို ယေရှု၏ ယဇ်ပူဇော်ခြင်း အားဖြင့် ပြန်လည် ထူထောင်နေသော ဘုရားသခင်၏ အစီအစဉ်ကို ကျွန်ုပ်တို့ မြင်တွေ့ရပါသည်။

ကျမ်းချက်:

"ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသောအရာတို့ကို ကြည့်ရှုလျှင်၊ အလွန်ကောင်းသည်ကို မြင်တော်မူ၍၊ ညဦးနှင့် နံနက်သည် ဆဌမနေ့ရက်ဖြစ်လေ၏။" (ကမ္ဘာဦး ၁:၃၁)

နှုတ်ကပတ်တော်ကိုဆင်ခြင်သုံးသပ်ခြင်း

တစ်ခါတရံ ကမ္ဘာကြီးသည် မီးလောင်နေသကဲ့သို့ ခံစားရနိုင်သည်။ မကောင်းမှုနှင့် ရှုပ်ထွေးမှုများက အောင်နိုင် နေသကဲ့သို့ ထင်ရနိုင်သည်။ စစ်ပွဲများ၊ လူနေမှုစရိတ် မြင့်တက်မှုများ၊ ယုံကြည်ရခက်သော

MOTIVATED BY LOVE SELF DENIAL 2026

သင်တို့သည် သတိနှင့်စောင့်နေကြလော့။ ယုံကြည်ခြင်း၌ တည်ကြလော့။ ယောကျာ်း အစွမ်းသတ္တိနှင့်တကွ ခွန်အားစုံလင်လျက် နေကြလော့။ သင်တို့သည် ခပ်သိမ်းသောအမှုတို့ကို ချစ်ခြင်းမေတ္တာစိတ်နှင့် ဆောင်ရွက် ကြလော့။ (၁ကော ၁၆း ၁၃-၁၄)

BELIEVE IN GOOD

MOTIVATED BY LOVE

SELF DENIAL 2026

ခေါင်းဆောင်များ၊ အစိုးရနှင့် အမှုတော်လုပ်ငန်းများ၏ ကျရှုံးမှုများကို ကျွန်ုပ်တို့ မြင်ကြရသည်။ သို့သော် စိတ်ပျက်အားငယ်၍ လက်လျှော့ခြင်းမပြုဘဲ ဆုတောင်းရာသို့ လက်မြှောက် ကြရပါမည်။ ဘုရားသခင်၏ တန်ခိုး၊ ချစ်ခြင်းမေတ္တာနှင့် ကရုဏာတော်သည် နောက်ဆုံးတွင် အောင်မြင်မည်ကို ကျွန်ုပ်တို့ သိရှိကြသည်။ ကိုယ်ကျိုးစွန့်အလှူငွေ တောင်းခံခြင်း သည် နှစ်ပေါင်း ၁၃၀ ကျော်သော အစဉ်အလာ တစ်ခု ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် ဘာသာရေးပြက္ခဒိန်၏ အစိတ်အပိုင်းတစ်ခုအဖြစ်သာ မလုပ်ဆောင် ကြပါ။

ဤအရာကို အသက်တာ၏ စည်းချက်တစ်ခုအဖြစ် ကျင့်သုံးကြသည်။ အကြောင်းမှာ ၎င်းက ကျွန်ုပ်တို့၏ အသင်းတော်ကို အသက်ရှင်စေပြီး အသက်သစ်ကို ယူဆောင်လာစေသည်ဟု ယုံကြည်သောကြောင့် ဖြစ်သည်။ ယေရှုသည် မိမိ၏ အသက်ကို ပေးဆက်ခြင်းအားဖြင့် လူသားများကို ပြန်လည် ပေါင်းစည်းနိုင်ကြောင်း မြင်တော် မူခဲ့သည်။ ကိုယ်တော်သည် ချန်လှပ်မထားဘဲ အရာအားလုံးကို ပေးဆက်ခဲ့ပြီး၊ ထိုအရာကို ချစ်ခြင်းမေတ္တာ ကြောင့် ပြုလုပ်ခဲ့သည်။

ကိုယ်ကျိုးစွန့်အလှူငွေ တောင်းခံခြင်းသည် ခရစ်တော်၏ နောက်လိုက်များအား ခရစ်တော်နှင့်အတူ ပူးပေါင်း ဖန်တီးရန် ဖိတ်ခေါ်ခြင်း ဖြစ်သည်။ ချစ်ခြင်းမေတ္တာ၏ လှုံ့ဆော်မှုဖြင့် အနစ်နာခံအသက်ရှင်ခြင်းနှင့် ပေးကမ်းခြင်း အားဖြင့် ကိုယ်တော်၏ စံနမူနာအတိုင်း လိုက်လျှောက်ရန် အခွင့်အရေးတစ်ခု ဖြစ်သည်။

ကျွန်ုပ်တို့သည် ဘုရားသခင် သတ်မှတ်ပေးထားသော ဝိညာဉ်ရေးရာ သဟဇာတဖြစ်မှုဆီသို့ ချစ်ခြင်းမေတ္တာဖြင့် ပြန်လည်ရောက်ရှိနေကြခြင်း ဖြစ်သည်။ ဘုရားသခင်မိန့်မှာသည့်အတိုင်း ကျွန်ုပ်တို့ အသက်ရှင်နေထိုင်ကြသောအခါ စစ်မှန်သော အသက်တာကို ဖော်ပြတွေ့ရှိရပေမည်။

ဒါဟာငွေကြေး သို့မဟုတ် စီမံကိန်းတွေအကြောင်း သက်သက် မဟုတ်ပါ။ ဘုရားသခင် ကျွန်ုပ်တို့အတွက် ရည်ရွယ်ထားသော အကောင်းဆုံးအရာများအတိုင်း ချစ်ခြင်းမေတ္တာဖြင့် ပြောဆိုပြုမူရင်း အသက်ရှင်နေထိုင်ခြင်း ဖြစ်ပါသည်။ ဖန်ဆင်းခြင်းမှစ၍ ဖန်ဆင်းခံသတ္တဝါများအထိ၊ ဥပဒေပြုသူများမှစ၍ ဥပဒေချိုးဖောက်သူများအထိ ဘုရားသခင်၌ ချစ်ခြင်းမေတ္တာ ပြန်လည်ထူထောင်ရန် အစီအစဉ်ရှိပါသည်။ တစ်နေ့တွင် လူတိုင်းသည် မြင်တွေ့ကြမည်၊ သိရှိကြမည်၊ ဒူးထောက်ခညွှတ်ကြပေလိမ့်မည်။

ဤကြီးမြတ်လှသော မေတ္တာ၏ နှလုံးခုန်သံသည် ခေါ်ဖိတ်နေပါသည်။ သင်တုံ့ပြန်မည်လား။

မေးခွန်းများ

၁။ ယနေ့ ဆင်ခြင်သုံးသပ်ရာတွင် သင့်၌ မည်သည့် မေးခွန်းများ ကျန်ရှိနေသနည်း။

၂။ သင်၏ ပေးကမ်းခြင်းသည် ချစ်ခြင်းမေတ္တာဖြင့် လှုံ့ဆော်ထားကြောင်း မည်သို့ ဖော်ပြနိုင်မည်နည်း။

၃။ ချစ်ခြင်းမေတ္တာ၏ ပူဇော်သက္ကာကို ယူဆောင်လာသောအခါ ဘုရားသခင်ထံမှ အဘယ်အရာကို မျှော်လင့်ရ မည်နည်း။

၄။ စစ်မှန်သော ကိုးကွယ်ခြင်းဖြင့် ကျွန်ုပ်တို့ မည်သို့ တုံ့ပြန်နိုင်မည်နည်း။

ဆုတောင်းချက်:

အို သခင်ယေရှု၊ ကျွန်ုပ်တို့ ပြုသမျှအရာတိုင်း၌ ကိုယ်တော်ကို ဂုဏ်ပြုလိုပါသည်။ ကမ္ဘာတစ်ဝှမ်းရှိ ကယ်တင်ခြင်းတပ်၏ အမှုတော်လုပ်ငန်းများနှင့် စီမံကိန်းများကို ကောင်းချီးပေးတော်မူပါ။ ကိုယ်တော်၏ အခမဲ့ ကျေးဇူးတော်သည် အခမဲ့ ပေးအပ်ခြင်းခံရပြီး အခမဲ့ လက်ခံရရှိကြောင်း သိလျက် ကျွန်ုပ်တို့၏ အရာအားလုံးကို ကိုယ်တော်ထံ ဆက်ကပ်ပါ၏။ ကိုယ်တော်၏ နာမတော်ကို ချီးမွမ်းပြီး “သန့်ရှင်းတော်မူသောအရှင်၊ ငြိမ်သက်ခြင်း ပေးသောဘုရင်၊ ဘုရင်တို့၏ ဘုရင်၊ သခင်တို့၏ သခင်” ဟု ခေါ်ဆိုပါ၏။ ကိုယ်တော်၏ သားသမီးများကို ကြည့်ရှုပေးတော်မူ၍ ကိုယ်တော်၏ ကြီးမြတ်သော ချစ်ခြင်းမေတ္တာကို ပြသတော်မူပါဟု ဆုတောင်းပါ၏။ ယေရှု၏ နာမတော်ဖြင့် ဆုတောင်းပါ၏ ။ အာမင်။

MOTIVATED BY LOVE
SELF DENIAL 2026

မှတ်စုများ

THE SALVATION ARMY
BELIEVE IN GOOD

မှတ်စုများ

MOTIVATED BY LOVE
SELF DENIAL 2026

THE SALVATION ARMY
BELIEVE IN GOOD

The Salvation Army

စင်္ကာပူ၊ မလေးရှား၊ မြန်မာနှင့် ထိုင်းတယ်ရီတိုရီ